# အသိုင်းအဝိုင်းတစ်ခုလုံးသောက်စားမူးယစ်သောယာဉ်မောင်းသူများမရှိရေး

## သင့်အသိုင်းအဝိုင်း၌ ကောင်းသောအရာများသာ အကျိုးသက်ရောက်စေရန်

သောက်စားမူးယစ်ခြင်းမရှိသောယာဉ်မောင်းလိုင်စင်ရှိသူတစ်ယောက်ဖြစ်ရန်အစီအစဉ်။ အခကြေးငွေမလိုပဲအသက်များစွာကို လုံခြုံဘေးကင်းစေသည်

**မူးယစ်ခြင်း** ဆိုသည်မှာ သွေးထဲ၌အရက်ပါဝင်နေမှုပမာဏ (BAC) .၀၈ သို့မဟုတ် ထိုထက်ပိုရှိနေခြင်းဖြစ်သည်။ BAC .၀၈ ရာခိုင်နှုန်း သို့မဟုတ် ထိုထက်ပိုနေခြင်းအား မူးယစ်ခြင်းနှင့် (BAC) .၁၈ ရာခိုင်နှုန်းရှိခြင်း သို့မဟုတ် ထိုထက်များနေခြင်းသည် မူးယစ်နေစဉ် အတော အတွင်း ပို၍ဆိုးရွားသောမောင်းနှင်ခြင်း၏ လက္ခဏာ အထောက်အထားဖြစ်သည်။

**ယိုယွင်းအားနည်းခြင်း** ဆိုသည်မှာ သင့်ကိုယ်ခန္ဓာတွင်ရှိ မည်သည့်ဆေးဝါးမဆို သင့်ကိုယာဉ်တစ်စီးကို သေချာစွာထိန်းသိမ်း မောင်းနှင်နိုင်ရန် မဖြစ်နိုင်တော့အောင် ထိခိုက်စေသောအရာဖြစ်သည်။ ဆေးဝါးဆိုသည်မှာ အရက်သေစာ၊ ဆရာဝန်ညွှန်ကြားသော သို့မဟုတ် မညွှန်ကြားသော ဆေးများဖြစ်နိုင်သည်။ သွေးတွင်း၌ အရက်ပါဝင်နေမှုပမာဏ BAC .၀၅ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်းသည် သင်ယိုယွင်း အားနည်းနေခြင်းဖြစ်ကြောင်း တရားဥပဒေအထောက်အထား တစ်ခုဖြစ်သည်။

**သောက်စားမူးယစ်ခြင်းမရှိ** ဆိုသည်မှာ မူးယစ်ဆေး သို့မဟုတ် အရက်သေစာတစ်စုံတစ်ရာသောက်စားထားခြင်းအောက်၌ မရှိခြင်းကို ဆိုလိုသည်။ သောက်စားမူးယစ်ခြင်းကင်းသော ယာဉ်မောင်းသူတစ်ဦးသည် မူးယစ်ဆေး သို့မဟုတ် အရက်သေစာတစ်စုံတစ်ရာ သောက်စားထားခြင်းမရှိခြင်းနှင့် ယာဉ်တစ်စီးကိုမောင်းနှင်ရန် ကျွမ်းကျင်ပြီး လိုင်စင်ရထားပြီးသောသူတစ်ဦးဖြစ်သည်။

# အစီအစဉ်တစ်ခုပြုလုပ်ပါ

## သောက်စားမူးယစ်ခြင်းမရှိသော လိုင်စင်ရယာဉ်မောင်း

- အမြဲတမ်း သောက်စားမူးယစ်ခြင်းမရှိသော လိုင်စင်ရယာဉ်မောင်းတစ်ဦးဖြင့် ယာဉ်စီးနင်းပါ။ ကားမောင်းသူသည် အရက်သေစာပါအရည်မျိုးကို သောက်သုံးထားသူ သို့မဟုတ် ဆေးများအားဖြင့် မူးယစ်ယိုယွင်းအားနည်းနေသောသူ မဟုတ်ပါ။
- အကယ်၍ပွဲများကျင်းပခြင်း၌ အရက်သေစာပါဝင်မည်ဆိုပါက မသွားမှီ၌ မည်သူသည်သောက်စားမူးယစ်ခြင်းမရှိသော လိုင်စင်ရယာဉ်မောင်းဖြစ်မည်ကို အစီအစဉ်တစ်ခုဆွဲထားပါ။
- အကယ်၍ တစ်စုံတစ်ယောက်သည် မူးယစ်ခြင်း သို့မဟုတ် ယိုယွင်းအားနည်းနေပါက ရင်းနှီးစွာမေးမြန်းပါ။ လုံခြုံသောယာဉ်စီးနင်သူတစ်ယောက်ဖြစ်ရန် သောက်စားမူးယစ် ခြင်းမရှိသော လိုင်စင်ရယာဉ်မောင်းတစ်ယောက်ကို ကူညီရှာဖွေပေးခြင်း သို့မဟုတ် တက္ကစီတစ်စီးကို ဖုန်းခေါ်ပေးပါ။ သူတို့ကို ကားပေးမမောင်းပါနှင့်။
- ကလေးများသည် အမြဲတမ်း သောက်စားမူးယစ် ခြင်းမရှိသော လိုင်စင်ရယာဉ်မောင်းတစ်ဦးနှင့်သာ စီးရမည်။ မူးယစ်နေသောသူ သို့မဟုတ် ယိုယွင်းအားနည်းနေသောယာဉ်မောင်းများမှ ကာကွယ်ရန် အစီအစဉ်တစ်ခုပြုလုပ်ပါ။
- မူးယစ်နေသောသူ သို့မဟုတ် ယိုယွင်းအားနည်းနေသောယာဉ်မောင်းများနှင့် အသက် ၁၆ နှစ်အောက်ကလေးများ ကားတွင်း၌အတူရှိနေလျှင် Leandra's ဥပဒေအောက်၌ ရာဇဝတ်မှုတစ်ခုအဖြစ် တရားစွဲနိုင်သည်။

**This material was developed as a collaborative effort between the Oneida County Stop DWI program and the Mohawk Valley Resource Center for Refugees' Traffic Safety program funded by the National Highway Traffic Safety Administration with a grant from the New York State Governor's Traffic Safety Committee and Oneida County Stop DWI.**

Translations by **tone** a division of Mohawk Valley Resource Center for Refugees tonetranslate.com

# ကားမောင်းစဉ် သောက်စားမူးယစ်ပြီး ယိုယွင်းအားနည်းနေခြင်း (DWI)၏ တန်ဖိုးဈေးနှုန်းများကိုသိပါ
## အရက်နှင့်မူးယစ်ခြင်း သို့မဟုတ် ဆေးဝါးဖြင့် ယိုယွင်းအားနည်းနေခြင်း

ကားမောင်းစဉ်သောက်စားမူးယစ်ခြင်း/ယိုယွင်းအားနည်းနေခြင်း **(DWI)** သည် တစ်ဦးခြင်းစီများ၊ မိသားစုများနှင့် လူ့အသိုင်းအဝိုင်းကို ထိခိုက်နာကျင်စေပါသည်။ ယာဉ်တိုက်မှုများသည် အပြစ်မဲ့သောသူများကို နာကျင်စေခြင်း သို့မဟုတ်သေစေခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ သောက်စားမူးယစ်ခြင်း/ယိုယွင်းအားနည်းနေသောယာဉ်မောင်းများမှ လူထုအတွက်ကာကွယ်ထားပေးဥပဒေများသည် အလွန်တင်းကြပ်ပြီး ဈေးနှုန်းကြီးမားပါသည်။ **DWI** စီရင်ချက်ချခံရသောသူများများ ထောင်သို့ဝင်ရောက်ရခြင်း၊ ယာဉ်တစ်စီးမောင်းနှင်ရန် အခွင့်ဆုံးရှုံးခံရခြင်း၊ သူတို့ အလုပ်များဆုံးရှုံးရခြင်းနှင့် သူတို့၏ လူဝင်မှုကြီးကြပ်ရေးကိစ္စများ၌ သက်ရောက်မှုများရှိနိုင်သည်။



မထွက်ရန်နှင့် အဖမ်းခံရခြင်း/ရာဇဝတ်မှုတစ်ခုဖြင့် ချမှတ်ခံရခြင်း/ ထောင်ကျခြင်း/ဖုန်းခေါ်ခြင်း

| | |
|---|---|
| ကားဆွဲခြင်း/သိုလှောင်ခ.......................................................... | **$300.00** |
| ထောင်နှင့် ဝန်ခံချုပ.............................................................. | **$500.00** |
| ရာဇဝတ်မှုဆိုင်ရာ ရှေ့နေ.......................................................... | **$1000.00-$5000.00** |
| လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေ............................................. | **$??????** |
| ဒဏ်ငွေ/ ထပ်ဆောင်းပေးငွေ....................................................... | **$250.00-$2000.00** |
| အရက်ပမာဏစစ်သောစက်....................................................... | **$150.00** |
| အရက်သေစာ စစ်ဆေးအကဲဖြတ်ခြင်း............................................. | **$150.00** |
| ယာဉ်တိုက်မှုနှင့်ပတ်သတ်သော သင်ခန်းစာပေး သင်တန်းတက်ရောက်ခြင်း...... | **$50.00** |
| စောင့်ကြည့်ကာလ ကြီးကြပ်ခြင်း.................................................... | **$250.00** |
| **DDP**.................................................................................. | **$175.00** |
| **DMV** သို့ပေးဆောင်ရမည့် ဒဏ်ငွေ.............................................. | **$200.00** |
| အခြေအနေပေါ်မူတည်သော လိုင်စင်.............................................. | **$100.00** |
| ချင့်ချိန်ဆုံးဖြတ်ချက်(၃ နှစ်တိုင်း)................................................... | **$250.00** |
| ကားအာမခံ........................................................................... | **?????** |
| စုစုပေါင်း ဈေးနှုန်း............................ | **$10,000.00 +** |

DWI™
Is it worth it?
Oneida County STOP-DWI Program
Oneida County Executive
Anthony J. Picente Jr.

## အခြားသောဖြစ်နိုင်ခြေ တန်ဖိုးများ

သင့်ဘဝ သို့မဟုတ်အခြားသူများဘဝများဆုံးရှုံးခြင်း
လွတ်လပ်မှုဆုံးရှုံးခြင်း
လူဝင်မှုကြီးကြပ်ခြင်းဆိုင်ရာနောက်ဆက်တွဲများ

- ဂရင်းကဒ်နှင့် နိုင်ငံသားရရှိရန် ကြန့်ကြာခြင်း
- ဤနိုင်ငံ၌နေထိုင်ခွင့်ရခြင်းအခွင့်အားပယ်ဖျက်ခံရခြင်းအစီအစဉ်
- အမေရိကန်အစိုးရမှ ပြည်နှင်ဒဏ်ပေးခံရခြင်း